ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**
လူထုဗဟိုပြုစီမံကိန်း၊ လှိုင်းဘွဲ့မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



# သာယာကုန်းကျေးရွာအုပ်စု

# သာယာကုန်းကျေးရွာ


လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်

၂၀၁၉ ခုနှစ်


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လိုင်းဘွဲမြို့နယ်အခြေပြမြေပုံ ...................................................................................... | ၁ |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) .......................................................................................... | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း .................................................................... | ၃ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) ............................ | ၄ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ...................................... | ၅ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ | |
| | ၁။ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map) ................................ | ၆-၇ |
| | ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) ................................................ | ၈-၉ |
| | ၃။ ဥစ္စာခနေကြွယ်ဝမှုပြဇယား (Wealth Ranking) .......................................... | ၁၀-၁၁ |
| | ၄။ ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web) ................................................ | ၁၂-၁၃ |
| | ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) ................................ | ၁၄-၁၆ |
| | ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)................................... | ၁၇-၁၉ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း .... | ၂၀ |
| ၈။ | ကျေးရွာအချက်အလက်များ(PC 1) ........................................................................ | ၂၁-၂၃ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2) .................................................................... | ၂၄ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3) .......................................................... | ၂၅-၂၈ |
| ၁၁။ | အစည်းဝေးမှတ်တမ်းများ ............................................................................ | ၂၉-၃၀ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ........................................................ | ၃၁ |

## ၁။ လှိုင်းဘွဲ့မြို့နယ်အခြေပြမြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)


လှိုင်းဘွဲ့မြို့နယ် ၊ သာယာကုန်းကျေးရွာအုပ်စုမြေပုံ
နော်ဘော်ကျေးရွာအုပ်စု
ဝါးဂုတ်တော
ထားးသိမ်ကြီးဖိုင်း
ကျေးရွာအုပ်စု
သာယာကုန်း
ကွင်းဘွဲ့မှ
လက်ပန်ကုန်း
ကပွလီ
ကွမ်ဘာကျေးရွာအုပ်စု
ကြီးချောင်း
ဝင်းပရချောင်း
ကျုံပကိုကျေးရွာအုပ်စု
ကြို့ချောင်း
ကျေးရွာအုပ်စု
ရည်ညွှန်းချက်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကျေးရွာအုပ်စု / ကျေးရွာ
မြစ် / ချောင်း

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ သာယာကုန်း

၂။ လက်ပံကုန်း

၃။ အဂေင်ဂ

၄။ ကပ္ပလီအောက်

၅။ ကုလားကုန်း

၆။ ကပ္ပလီရွာကြီး

၇။ ကပ္ပလီရွံ့ဖွက်

၈။ ဂါးဂုတ္တော

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

### သာယာကုန်းကျေးရွာ၏အချိန်ပြကျေးရွာနောက်ခံသမိုင်း

သာယာကုန်းကျေးရွာသည်ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၏အနောက်ဘက်ခြမ်း(၁၀)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ရွာ၏အရှေ့ဘက်တွင် လယ်ကွင်းနှင့်ရွာ၏အနောက်ဘက်တွင် ကိုင်းမြေနှင့်လယ်မြေရှိပါသည်။ရွာ၏တောင်ဘက်တွင်ကပ္ပလီရွာရှိပြီး မြောက်ဘက်တွင်ဝါးကုတ္တော့ကျေးရွာရှိပါသည်။

သာယာကုန်းကျေးရွာဟု ခေါ်ရခြင်းအကြောင်းအရင်းမှာ ရွှေဂွန်းမှကြည့်လျှင် သာယာလှပပြီးစိမ်းလန်းစိုပြေကာကုန်းကလေးသဖွယ်မြင်နေရသောကြောင့် သာယာကုန်းကျေးရွာဟုခေါ်ဆိုရခြင်းဖြစ်ပါသည်။ ကျေးရွာစတင်တည်ထောင်သည့်ကာလမှစ၍ ယနေ့တိုင်နှစ်ပေါင်း(၂၀၀)ကျော် ကြာမြင့်ပြီးဖြစ်ပါသည်။ သာယာကုန်းကျေးရွာစတင်တည်ခါစ၌ အိမ်ထောင်စုသုံးစုသာရှိသည်စုသိရပါသည်။ ယင်းအိမ်ထောင်စုသုံးစုမှာ ဦးရွှေပုလဲ၊ ဦးစောရွှေဟဲ၊ နှင့် ဦးစောဟို့ယွာ တို့မိသားစုများဖြစ်ကြပါသည်။ ကျေးရွာ၌အိမ်ထောင်စုဦးရေများလာသောအခါ သာယာကုန်းဘုန်းတော်ကြီးကျောင်းတိုက်ကို တည်ထောင်လာခဲ့ကြပါသည်။ ထိုအချိန်ကာလ၌ ဦးရွှေပုလဲ၏ သမီး နော်မိယုံ၏ခင်ပွန်း ဦးစောခလောက်ဖိုးက ကျေးရွာသူကြီးအဖြစ်တာဝန်ယူခဲ့ပါသည်။ သာယာကုန်းကျေးရွာ၏ လူဦးရေ(၉၀)ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ကျန်သော(၁၀)ရာခိုင်နှုန်းမှာ အခြားဘာသာဝင်များဖြစ်ကြပါသည်။ သာယာကုန်းကျေးရွာတွင် ရှေ့ယခင်က စစ်တပ်စခန်းရှိခဲ့ဖူးပါသည်။ စစ်တပ်စခန်းရှိစဉ်ကာလတွင် ရွာသားများသည် စခန်းမှ လုပ်အားပေးခေါ်ခြင်းညလုံးပေါက်ကင်းစောင့်ရသောကြောင့်စားဝတ်နေရေးအတွက် ရှုန်းကန်ရန်အချိန်မရဘဲဖြစ်ရခြင်း၊ ၎င်းပြင်ယင်းကာလ၌ စစ်တပ်နှင့်ကရင်လက်နက်ကိုင်တော်လှန်ရေးများအကြား စစ်ပွဲမကြာခဏပစ်ခတ်တိုက်ခိုက်ခဲ့ကြပါသည်။ ရွာသားများအနေဖြင့် ဝေးရာလုံခြုံရာနေရာကိုရှာပြီးထွက်ပြေတိမ်းရှောင်ခဲ့ကြရပါသည်။ တိုက်ပွဲဖြစ်ပြီးနောက်ပိုင်းဖုံးလက်ကျန်များရှင်းရာတွင် ဖုံးလက်ကျန်တစ်လုံး ပေါက်ကွဲသောကြောင့် လူ(၃)ဦးထိခိုက်ကာ (၂)ဦးမှာဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီးကျန်တစ်ဦးမှာ ချက်ခြင်းသေဆုံးခဲ့ရပါသည်။ စစ်တပ်ကပေါ်တာဖမ်းခြင်း၊ ကရင် လက်နက်ကိုင်တော်လှန်ရေးဘက်မှလည်း လုပ်အားပေးခေါ်ခြင်းများကြောင့် အမျိုးသားများသာမက အမျိုးသမီးများကပါ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ စစ်တပ်များ ရွာအတွင်းဝင်လာသောအခါ ဒေသခံများကို ကရင်လက်နက်ကိုင်တော်လှန်ရေးများ ဟူ၍လည်းကောင်း၊ ကရင်လက်နက်ကိုင်တော်လှန်ရေးများ ဝင်လာသောအခါများတွင်လည်း အစိုးရစစ်တပ်နှင့် ပူးပေါင်းသောသူလျှိုများဟူ၍လည်းကောင်း သံသယဖြစ်ခြင်းခံရပြီး သေနတ်သံပေါက်ကွဲခြင်းတစ်ချက်ကြားပါက ဒေသခံများ၏ဝက်တစ်ကောင်သေပြီဖြစ်ကြောင်းသိရပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ နှစ်ဖက်လက်နက်ကိုင်များမှာ လှော်ကြေး၊ ဒဏ်ကြေးအဖြစ်လုပ်လေ့လုပ်ထရှိကြောင်းသိရပါသည်။ ကျေးရွာအတွင်း စစ်ပွဲမကြာခဏဖြစ်ခြင်းကြောင့် ကျောင်းမကြာခဏပိတ်ရသောကြောင့်ခလေးများ ပညာရေးကိုကောင်းမွန်စွာသင်ယူခဲ့ရခြင်းမရှိပါ ထို့ကြောင့် ယင်းစစ်ဒဏ်များကြောင့် ကျေးရွာ၏ ပညာရေး၊ စားဝတ်နေရေး၊ စီးပွါးရေး စသည်အဖက်ဖက်မှလက်လှမ်းမှီမှုအခွင့်အရေးဆုံးရှုံးခဲ့ရပါသည်။ ၁၉၉၄-၉၅ ခုနှစ်တွင် ကရင်လက်နက်ကိုင်တော်လှန်ရေးမှ ခွဲထွက်သော တိုးတက်သော ကရင်ဗုဒ္ဓဘာသာအဖွဲ့ ဝင်

လာသောအချိန်နယ်မြေအနည်းငယ်အေးချမ်းလာပါသည်။ စစ်ပွဲများဖြစ်ခြင်း၊ပေါ်တာဆွဲခြင်း များမရှိတော့သော်လည်
အကောက်အခွန်နှင့် လုပ်အားပေးများခေါ်သည့်အဖွဲ့တစ်ဖွဲ့ထပ်မံတိုးလာသကဲ့သို့ဖြစ်ရပါသည်။ သို့ဖြစ်ပါ၍ ယခင်အ
ချိန်နှင့် ယခုအချိန်ကာလကို နှိုင်းယှဉ်ကြည့်လျှင် ယခုအချိန်တွင် အလုပ်အကိုင်နှင့်ပညာရေးအခွင့်အလမ်းအနည်း
ငယ်များလာပါသည်။ မည်သို့ပင်ဆိုစေကာမူ သာယာကုန်းကျေးရွာသည်စစ်ဒဏ်ကြောင့်ပညာရေး၊စီးပွါးရေး၊လူမှုရေ
အခြေအနေတို့မှာ တိုးတက်သင့်သလောက်မတိုးတက် ဘဲဖြစ်ခဲ့ရပါကြောင်းသုံးသပ်တင်ပြပါသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

၂။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA Tools များ | ဦးတည်အုပ်စု | အစည်းအဝေးတက်ရောက်သူ | | | အဓိကတွေ့ရှိချက်များ |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map) | ရပ်မိရပ်ဖ၊ ကော်မတီဝင် ကျေးရွာလူထုများအားလုံး | 25 | 63 | 88 | အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး ခြေနေ၊ လယ်ယာမြေများ၊ ကျေးရွာရှိ သဘာဝအရင်းအမြစ်များ |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calender) | ကော်မတီဝင်များ၊ အမျိုးသား/သမီး၊ ဆင်းရဲနွမ်းပါးသောသူများ | 25 | 63 | 88 | ဒိုက်ပျိုးစိုက်သိမ်းကာလ (တောင်ယာ လယ်ယာ)၊ စီးပွားရေး ဝင်ငွေရရှိမှု ပွဲတော်ချိန်၊ ရာသီဥတု၊ ကျန်းမာရေးဆိုင်ရာ၊ ရေရရှိမှု |
| ၃။ | ဥစ္စာဓနကြွယ်ဝမှု ဦးစားပေးအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးသောအုပ်စု | 25 | 63 | 88 | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ရန် လူထုအားလုံးသဘောတူသတ်မှတ်ခြင်း။ |
| ၄။ | ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 24 | 63 | 87 | အမျိုးသားနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်း |
| ၅။ | အရင်းအမြစ်အသုံးချမှုဖော်ထုတ်ခြင်း (Asset Mapping) | ကျေးရွာလူထုအားလုံး | 25 | 63 | 88 | ကျေးရွာရှိသဘာဝအရင်းအမြစ်များနှင့် လူမှုဆိုင်ရာအရင်းအမြစ်များအား မည်သူက အသုံးပြုပြီး မည်သူက ထိန်းချုပ်ထားရှိခြင်း |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်မှုမြေပုံ (Veen diagram) | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသည့်အဖွဲ့၊ ကျေးရွာလူထု | 24 | 63 | 87 | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက်ဖွဲ့စည်းသည့်အဖွဲ့များနှင့်ချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်မှုရှိခြင်း |
| ၇။ | ကျေးရွာ အခြေခံအချက်အလက် (PC-1) | အမျိုးသား/အမျိုးသမီးနှင့်လူထုအားလုံး | 74 | 189 | 263 | အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသောကျေးရွာအခြေခံအချက်အလက်များ အဆင့်ဆင့်များ ဖော်ထုတ်ခြင်း |
| ၈။ | အခက်အခဲ၊ အတားအဆီးများ၊ ပြဿနာများ (PC-3) | အမျိုးသား၊ အမျိုးသမီးနှင့်လူထုအားလုံး | 69 | 205 | 274 | |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ

### ၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)



## လူမှုရေး အရင်းအမြစ်မြေပုံ ။

### ဆွေးနွေးခြင်းနှင့် သုံးသပ်ချက် ။


- လူမှုရေး အရင်းအမြစ်မြေပုံကို ကြည့်ခြင်းဖြင့် လယ်ကိုင်း လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်ကို တွေ့ရသည်။
- မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိသည်။

* တိုးတက်ရန် လိုအပ်သော အချက်များ *

- လမ်းပန်းဆက်သွယ်ရေး ကောင်းရန်
- မီးရရှိရန်
- စိုက်ပျိုးရေး နည်းစနစ်များ ရရှိရန်

ကျေးရွာတွင် လူတန်းစား အားလုံး ပျော်ပျော်နေထိုင်ကြသည်။

## ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander)




## ရာသီခွင်ပြ ပြက္ခဒိန်

### ဆွေးနွေးခြင်းနှင့်ဆုံးဖြတ်ခြင်း

- စိုက်ပျိုးရေးမှာ လယ်ယာနှင့် ကိုင်းကို အဓိကထားပြီး စိုက်ပျိုးကြသည်။ အသက်မွေးဝမ်းကြောင်းမှာ တချို့က လယ်ယာစိုက်ပျိုးကြပြီး တချို့က ပြည်ပသို့ သွားပြီး သွားရောက်လုပ်ကိုင်ကြသည်။
- ဝင်ငွေက (ကိုယ်ပိုင်) စိုက်ပျိုးပြီး ချိန်မှ ရလာတဲ့ငွေကတော့ မိုး၊ နတ်တော် ပြာသို၊ တပို့တွဲ တွင်ဖြစ်သည်။
- ရာသီဥတုက သဘာဝဘေးဒဏ်ကြောင့် ဖောက်ပြန်ခြင်းတွေ ရှိပါသည်။
- နွေရာသီတွင် ရေခမ်းခြောက်မှုတွေ ရှိပြီး ရေလုံလောက်စွာ သုံးနိုင်ဖို့ အခက်အခဲ ရှိပါသည်။ ရေခမ်းခြောက်သည့် လများတွေမှာ တပေါင်း၊ တန်ခူး၊ ကဆုန်တွေမှာ ရေရရှိမှု နည်းပါးသည်။
- အလုပ်ပုံမှန် မရှိသောကြောင့် ဝမ်းစာအတွက် အခက်အခဲလည်း ကြုံရပါသည်။
- ကျား/မ တန်းတူညီမျှမှု အကြောင်းလည်း ဆွေးနွေးခဲ့ပါသည်။

## ၃။ ဥစ္စာဓနကြွယ်ဝမှုပြဇယား (Wealth Ranking)



ဥစ္စာဓနကြွယ်ဝမှုပြဇယား

ကျေးရွာ - သာယာကုန်း

ရက်စွဲ- ၈.၆.၂၀၁၉

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့်မြင့်သော အုပ်စု | သစ်သားအိမ်၊ (၁၅) ဧက၊ ကား၊ (၁၆)ကောင် နွား၊ ရာဘာခြံ (၁၅)ဧက၊ | ၁၈ | ၇.၂% |
| အလယ်အလတ် ရှိသော အုပ်စု | သစ်သားအိမ်၊ လယ်(၅)ဧက၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ နွား (၄)ကောင်၊ | ၁၀၀ | ၄၀% |
| မပြေလည်သော အုပ်စု | ဝါးအိမ်၊ သစ်သားအိမ်၊ ဖက်မိုး၊ ထရံအိမ်၊ လယ်မရှိ၊ ဝက်အိမ်၊ | ၁၃၂ | ၅၂.၈% |


ပါဝင်ဆွေးနွေးသူ - ကျား (၅) မ(၈)

## ဥစ္စာဓနကြွယ်ဝမှုဇယား

### ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်

- ကျေးရွာတွင် အဆင်မပြေသော အိမ်ထောင်စု (၁၄၀) ရှိသည်။
- အဆင်မပြေသည့် အကြောင်းမှာ လယ်မရှိ၊ ကိုင်းမရှိသဖြင့် ကျဘမ်းလုပ်ငန်းများကိုသာ လုပ်ကိုင်ရခြင်းကြောင့် ဖြစ်သည်။
- ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် အဆင်မပြေသူများအား အားလပ်ချိန်တွင် ပြုလုပ်ပြီး သူတို့အား တင်ပြလာသော လိုအပ်ချက်များကို အလေးထား စဉ်းစားပေးခြင်း၊ ကျိုးတူ လုပ်အားခ ပေးချေခြင်းဖြင့် အပိုဝင်ငွေတွေ ရရှိလာမည်။

## ၄။ ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web)





# ပင့်ကူအိမ်သုံးသပ်ခြင်း

## ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


- အမျိုးသမီးများ ဆုံးဖြတ်မှုနှင့် ဦးဆောင်မှုတွေမှာ အားနည်းနေသည်။ အမျိုးသားများက အများအားဖြင့် ဦးစီးဦးဆောင် လုပ်ကိုင်နေကြသည်။
- အလုပ်အကိုင်နှင့် ဝင်ငွေရှာမှုမှာ အမျိုးသမီးတွေက အမျိုးသားတွေထက် သာသည်။
- အမွေရပိုင်ခွင့်၊ အဖွဲ့အစည်းတွင် ပါဝင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုမှာ အတူတူပဲ ဖြစ်သည်။
- အမျိုးသမီးတွေက အိမ်မှုကိစ္စတွေမှာ တာဝန်ပြည့် လုပ်ကိုင်ကြပြီး အမျိုးသားများက အားရင် ဝိုင်းကူပေးကြပါသည်။
- ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အမျိုးသား/အမျိုးသမီး တန်းတူလုပ်ကိုင်ကြပါသည်။

## ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping)





အရင်းအမြစ် ထိန်းချုပ်မှုပြဇယား
ကျေးရွာ - သာယာကုန်း
ဈေးဆိုင်
အပ်ချုပ်စက်
ဘောလုံးကွင်း
ရေတွင်း





အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုပုံစံပြဇယား

ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်

- ဘုန်းကြီးကျောင်းကို မြင်တဲ့ ဂါမှာ အမျိုးသားကပဲ ဆုံးဖြတ်ချက်ချတယ်
- အခြားသောရပ်ရေးရွာရေးကိစ္စများတွင် အမျိုးသမီးများပါဝင်နိုင်သည်ကိုတွေ့ရသည်။
- ဘုန်းကြီးကျောင်းမှလွဲ၍ အခြားသောအရင်းအမြစ်များကို အတူတကွသုံးစွဲပြီး အတူတကွထိန်းချုပ်သည်။
- လယ်၊ ဆိုင်ကယ်၊ စာသင်ကျောင်း၊ လမ်း၊ လယ်ကယ်ဘုရားရှိခိုးကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ မျက်ကြိုး၊ ကိုင်း နှင့် အဝိစိတွင်း တို့ကို အတူသုံးစွဲပြီး အတူထိန်းချုပ်ကြသည်။

## ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)




အဖွဲ့အစည်းချိတ်ဆက်မှု (ကျေးရွာတွင်း)
ကျေးရွာ - သာယာကုန်း
World vision
ပါဝင်ဆွေးနွေးသူ - ကျား (၆)
မ (၆)

## ကျေးရွာနှင့်ချိတ်ဆက်နေသောအဖွဲ့အစည်းများ

### ဆွေးနွေးချက်နှင့် သုံးသပ်ချက်

=> ကျေးရွာတွင်ရှိ အိမ်မှူးသည် ကျေးရွာအတွင်း အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။

=> ရပ်မိ၊ ရပ်ဖ၊ ဂေါပက၊ ကာလသား၊ သမီးတို့သည် ရွာ၏သာရေး နာရေးနှင့် ဘာသာရေးတွင် အဓိကပါဝင်ကြသည်။

=> အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးနှင့်သက်ဆိုင်သည့် အမျိုးသမီးအဖွဲ့များဖြစ်ကြသည်။

=> World Vision၊ မီးလင်းရေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံးနှင့် ရဲစခန်းတို့သည် အုပ်ချုပ်ရေးမှူးကနေတဆင့် ဆက်သွယ်ဆောင်ရွက်နေသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း





## ၈။ ကျေးရွာအချက်အလက်များ(PC 1)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။၎င်းအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ၎င်းအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးသန်းမိုး | ၀၉-779153998 | ဒေါ်လှိုင်းကြီး |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကရင် | လှိုင်းဘွဲ့ | သာယာကုန်း | သာယာကုန်း |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ပိုး ကရင် | ၂၂၀ | ဘာသာ(၁)-ဗုဒ္ဓ----- | ၂၄၀ |
| လူမျိုးစု (၂)-စကောကရင် | ၃၀ | ဘာသာ(၂)-ခရစ်ယာန် | ၁၀ |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| | | | |
| လူမျိုးစုရော-------------- | -- | ဘာသာရော------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)ဓနုကျေးရွာ | ၆၈ | ၁၈၄ | ၂၈၂ |
| လူမျိုးစု (၂)ပိုးကျေးရွာ | ၇၀၀ | ၆၀၀ | ၁၃၀၀ |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၂၁၀ | ၄၀ | ၂၅၀ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေ ထိုင်သူ | အခြားရွာမှ လာသူ | | ရွာတွင်းနေ ထိုင်သူ | အခြား ရွာမှ လာသူ | | ရွာတွင်း နေထိုင်သူ | အခြား မှလာ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေး ဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင် မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ✓ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ် 2010 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ✓ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှငင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ငင်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-----------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ--------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မီးလင်းရေးကော်မတီ

(၂) --------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးသန်းရီ

လက်မှတ် နေ့စွဲ ၆.၄.၂၀၁၉

လူထုစည်းရုံးရေးမှူး အမည် ဒေါ်လိုင်းကြီး

လက်မှတ် နေ့စွဲ ၆.၄.၂၀၁၉


# ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2)

ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဒေါ်လှိုင်းကီ | | | |
| နေ့စွဲ ၉.၆.၂၀၁၉ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကရင် | မြို့နယ် လှိုင်းဘွဲ့ | ကျေးရွာအုပ်စု သာယာကုန်း | ကျေးရွာ သာယာကုန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၈.၆.၁၉ | ၈.၆.၁၉ | ၆၆ | ၉၂ | ၁၅၈ | ကရင် \| ၁၅၈ | ၂၅၀ | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၈.၆.၁၉ | ၈.၆.၁၉ | ၆၆ | ၉၂ | ၁၅၈ | ကရင် \| ၁၅၈ | ၂၅၀ | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | \| | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ | | | မလို | မလို | မလို | မလို | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)



ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်လှိုင်းလီ | |
| နေ့စွဲ ၆.၄.၂၀၁၉ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑စက်ဝန်း(၂)□ စက်ဝန်း(၃)□စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် လှိုင်းဘွဲ့ |
| ကျေးရွာအုပ်စု သာယာကုန်း | ကျေးရွာ သာယာကုန်း |

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| -လူငယ်တွေ ယှဉ်မရှိသဖြင့် လူငယ်များ ဆေးရူးမိနိုင်ခက်ခဲခြင်း | □ ကျား □မ ☑ကျား+ မ |
| -ဝင်ငွေနည်းပါးသောကြောင့် စားဝတ်နေရေးခက်ခဲခြင်း | □ ကျား □မ ☑ကျား+ မ |
| -မိုးရာသီတွင်လမ်းမကောင်းသဖြင့် သွားလာရခက်ခဲခြင်း | □ ကျား □မ ☑ကျား+ မ |
| -နွေရာသီတွင်ရေခပ်ခြောက်သဖြင့် သောက်သုံးရေမလုံလောက်ခြင်း | □ ကျား □မ ☑ကျား+ မ |
| -အစည်းဝေးခန်းမမရှိသဖြင့် အစည်းအဝေးပြုလုပ်ရန်နေရာခက်ခဲခြင်း | □ ကျား □မ ☑ကျား+ မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| -အရေးပေါ်ကားရှိလာပြီး လူနာများကို ဆေးရုံသို့ အချိန်မီပို့နိုင်မည်။ | □ ကျား □မ ☑ကျား+ မ |
| -အလုပ်အကိုင်အခွင့်အလမ်းရှိလာပြီး စားဝတ်နေရေးအဆင်ပြေလာမည်။ | □ ကျား □မ ☑ကျား+ မ |
| -လမ်းပန်းဆက်သွယ်ရေးကောင်းလာပြီး သွားလာရအဆင်ပြေလာမည်။ | □ ကျား □မ ☑ကျား+ မ |
| -အဝီစိတွင်းရှိလာပြီး နွေရာသီတွင်ရေလုံလောက်စွာရရှိလာမည်။ | □ ကျား □မ ☑ကျား+ မ |
| -ခန်းမဆောက်ရှိလာပြီး အစည်းအဝေးပြုလုပ်ရန်နေရာအဆင်ပြေလာမည်။ | □ ကျား □မ ☑ကျား+ မ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်း | က+မ | လမ်းပန်း ဆက်သွယ်ရေး | | ၇၆၈ | ၇၈၄ | ၁၅၅၂ |
| ၂ | အဝီစိတွင်း ပြင်ဆင်ခြင်း | က+မ | ရေနှင့်ကျန်း မာရေး | | ၇၆၈ | ၇၈၄ | ၁၅၅၂ |
| ၃ | အစည်းအဝေး ခန်းမ ဆောင် (40'x70') | က+မ | အခြေခံအဆောက် အဦ, | | ၇၆၈ | ၇၈၄ | ၁၅၅၂ |
| ၄ | တိုက်ကြီးကျောက်ချွား လမ်းပြုပြင်ခြင်း | က+မ | လမ်းပန်းဆက် သွယ်ရေး | | ၇၆၈ | ၇၈၄ | ၁၅၅၂ |
| ၅ | မီးကြိုး / မီးတိုင် | က+မ | မီးလင်း ရေး | | ၇၆၈ | ၇၈၄ | ၁၅၅၂ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လူနာတင်ယာဉ် | က+မ | ကျန်းမာရေး |
| ၂ | အသက်မွေးဝမ်းကျောင်း သင်တန်း | က+မ | အခြား |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ ၆.၆.၂၀၁၆

## ၁၁။ အစည်းဝေးမှတ်တမ်းများ

အစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် - သာယာကုန်း

အချိန်/နေ့ရက်- ၈.၆.၂၀၁၉

ကျေးရွာအုပ်စုအမည်- သာယာကုန်း

နေရာ ဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်ရခြင်းအကြောင်းအရာ - ပ.နှ.၃ အစည်းအဝေး မှတ်တမ်း

ဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်

- ပထမဦးစွာ တက်ရောက်လာသူများအား ကြိုဆိုကြောင်း နှုတ်ဆက်ယူပါသည်။ တာဝန်ကျသူတို့၏ ရုံးရေးမှူး မှ အစည်းအဝေး ပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းပြသွားပါသည်။ ထို့နောက် ကျေးရွာ အုပ်ချုပ်ရေးမှူး မှ အမှတ်စဉ် အမှာစကား ပြောကြားသွားပါသည်။ ဆက်လက်ပြီး စီမံကိန်း စိတ်ဆက် (လေ့လာ)ချက်အား ကျေးရွာလူထုအား လည်း သဘောပေါက်အောင် ရှင်းပြသွားပါသည်။ စီမံကိန်း လုပ်ငန်း အကြောင်းကို အသေးစိတ် ရှင်းပြသွားပါသည်။ ဆက်လက်ပြီး အစိုးရ တာဝန်ရှိသူများ အကြောင်းကို ကျေးရွာလူထုအား လည်း သဘောပေါက်အောင် ရှင်းပြသွားပါသည်။ ထို့နောက် ပထမနှစ် စက်ဝိုင်း တွင် ဆွေးနွေးခဲ့ကြသော PRA Tools များအား အသေးစိတ် ပြန်လည်ဆွေးနွေး အတည်ပြုကြပါသည်။ ထို့နောက် ကျေးရွာ၏ အခက်အခဲ၊ မျှော်မှန်းချက်များအား ပြန်လည်ဆွေးနွေးကြပါသည်။ ကျေးရွာ၏ ဦးစားပေးလုပ်ငန်း

များကိုပြန်လည်သုံးသပ်ပြီး ဦးစားပေးလုပ်ငန်းများအား ဦး
စားပေးအလိုက် သတ်မှတ်ကြပါသည်။ ဒုတိယနှစ်စက်ဝိုင်းတွင်
ဘုန်းကြီးကျောင်းများနှင့် ဆက်စပ်နေသော ကျောင်းလုပ်ငန်း မပြီး
သေးရန်နှင့် နောက်နှစ်စီမံကိန်းမှ လုပ်ငန်းပြန်ယူရန် ရွေးချယ်
သဘောတူကြပါသည်။ ဆက်လက်ပြီး စီမံကိန်းတွင် အကျုံးဝင်
သောလုပ်ငန်းများနှင့် အကျုံးမဝင်သော လုပ်ငန်းများအား ခွဲ
ခြားပါသည်။ ဆက်လက်ပြီး ကျေးရွာစီမံကိန်းနှင့် မူအဖွဲ့ဝင်
များအား ပြန်လည်အတည်ပြုကြပါသည်။ ထို့နောက်ကော်
မတီဝင်များ လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များကို
ရှင်းပြပြီး နောက်ကော်မတီဝင်များမှ သဘောတူလက်
မှတ်ထိုးကြပါသည်။ ဆက်လက်ပြီး ကျေးရွာစီမံကိန်းဥက္ကဋ္ဌ
မှ အပိတ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို
အောင်မြင်စွာ ပိတ်သိမ်းကြပါသည်။

မှတ်တမ်းတင်ပြုစုသူ - အမည် - နန်းယဉ်ယဉ်ထိုက် လက်မှတ်- (signature) နေ့ရက်- ၈.၆.၂၀၁၉

အတည်ပြုသူ - အမည် - ဒေါ်နန်းရွှေမိုး လက်မှတ်- (signature) နေ့ရက်- ၈.၆.၂၀၁၉

## ၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းစဉ်ဇယား

ကျေးရွာ - သာယာကုန်း

ကျေးရွာအုပ်စု - သာယာကုန်း

| ကဏ္ဍ | ဦးစားပေးအဆင့် | လုပ်ငန်းအမျိုးအစား | အသိုင်းအဝိုင်း | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း(သို့)ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| [illegible] | ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | ✓ | ၂၀၂၀ | CDD | |
| | ၂ | အဝီစိတွင်း၊ ရေစစ်ကန်တည်ဆောက်ခြင်းလုပ်ငန်း | | | ✓ | ၂၀၂၁ | DRD | |
| | ၃ | ဘုန်းကြီးကျောင်းသွားလမ်းပြုပြင်ခြင်း | | | ✓ | ၂၀၂၂ | ကျေးလက်လမ်း ဦးစီးဌာန | |
| | ၄ | မီးကြိုး၊ မီးတိုင် | | | ✓ | ၂၀၂၃ | EPC | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| [illegible] | ၃ | ကျေးရွာအစည်းအဝေးခန်းမဆောက် | | | ✓ | ၂၀၂၁ | CDD | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| [illegible] | ၂ | အသက်မွေးဝမ်းကျောင်းသင်တန်း | | | ✓ | ၂၀၂၂ | DRD | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| [illegible] | ၁ | [illegible] | | | ✓ | ၂၀၂၃ | ကျန်းမာရေး | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |